
ဝတာဝရ၏
ခြောက်စက္ကန့်စာ
@kao
By_RED

## Chapter-1

ငြိမ်သက်နေတဲ့ ကန်ရေပြင်ပေါ်မှာ ကိုယ့်ကိုယ်ကိုယ် ရှင်းရှင်းလင်းလင်း ပြန်မြင်နေရတယ်။ လေကငြိမ်နေပြီး အရာအားလုံးက တိတ်ဆိတ် နေတာကြောင့် ဒီနားမှာ ကိုယ်တစ်ယောက်တည်း ရှိနေတာလားလို့ တောင် အထင်မှားချင်စရာပဲ။ ဒါပေမဲ့ တစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ ကန်တော်ကြီး ပတ်လမ်းဘေးက နည်းနည်း လူပြတ်တဲ့ နေရာလောက်မှာ ရှိနေမိတော့ လူအသွားအလာ သိပ်မတွေ့ရဘဲ တစ်ယောက်တည်းပဲ ရှိနေသယောင်ယောင် ထင်လာရတာပါ။

ထိုအချိန် နူးညံ့သည့် လေပြည်တစ်ချက်က မျက်နှာပေါ်မှ ရှပ်ပြေးသွားတော့ ပါးပေါ်က မျက်ရည်တွေတောင် စိုစွတ်နေရာကနေ ခြောက်သွေ့စ ပြုသွားသည် ။

ဂျူနို တစ်ယောက် ပါးပေါ်မှ မျက်ရည်စတွေကို လက်နဲ့ ဖိသုတ်ရင်း နောက်ထပ် မျက်ရည်မကျအောင် ထိန်းထားမိသည် ။ သို့သော် မျက်ရည်များက တာကျိုးနေဟန် တားထားလို့ မရ။

***

အိမ်က ညီမတော်ဖြစ်သူ တစ်ယောက် အတင်း ပူဆာလွန်းသဖြင့်

ကျွန်တော်သူ့ကို ကန်တော်ကြီးထဲသို့ လိုက်ပို့ရသည် ။ show ပွဲဆိုလား ဘာဆိုလား သူ့ကျောင်းမှာ ဝင်ပြိုင်မှာ မို့ အဆီကျအောင် ပတ်ပြေးချင်လို့ တဲ့ ။ အဲ ... ခက်တော့ခက်သား ... တစ်နေ့တစ်နေ့ စားနေသောက်နေတာ မြင်မကောင်းဘဲ ချီးပါခါနီးမှ ကတွတ်ပေါက် ထရှာနေသည် ။ ပြီးရင် ဘာအသံကြား ရဦးမှာ လဲမသိ။ သူ့ကို ကားပေါ်ကနေ ချပေးတော့ တစ်နာရီ ပတ်ပြေးမှာ မို့ စောင့်ချင်တဲ့ နေရာ သွားစောင့်လို့ ပြောပြီး ပြေးထွက်သွားသည် ။

အင်း ... ကြည့်ကြသေးတာပေါ့ ... ဘယ်တုန်းက ပြေးဖူးလို့ တစ်နာရီတောင် ပြေးဦးမယ်ဆိုပဲ။ အပြောကတော့ အမြဲအပေါ်က ...။

ကျွန်တော် ကားအေးဆေး ရပ်လို့ ရပြီး နားအေးပါးအေးဖြစ်မည့် နေရာကို လိုက်ပတ်ရှာရင်း နောက်ဆုံးတော့ တွေ့သွားခဲ့ချေပြီ။ ကားကို စက်သတ်ပြီး သီချင်းအေးဆေး နားထောင်ရင်း ဆေးလိပ်သောက်ဖို့ ပြင်လိုက်မိသည် ။ ကားတံခါးကို ဖွင့်ပြီး ဆေးလိပ်သောက်ဖို့ မီးခြစ် လိုက်ရှာနေမိသည် ။

ဩော် ... အရေးထဲမှ မီးခြစ်က ဘယ်ပျောက်နေတာတုန်းဟ (သောလျှံ့ခ)

သောလျှံ့ခ မီးခြစ်ကို ဟိုနှိုက်ဒီနှိုက်ရှာရင်း တွေ့သွားတော့သည် ။ မီးခြစ်ကို ဟန်ပါပါဖွင့်ရင်း ဆေးလိပ်မီးညှိဖို့ ပြင်လိုက်တော့ လေကဝှေ့တိုက်သွားတာနဲ့ မီးခြစ်မှ မီးက ငြိမ်းသွားရသည် ။ နောက်တစ်ခေါက် မီးခြစ်ကို ထပ်ခြစ်မိတော့ မီးက တောက်မလာတော့ ...

"ဟာ ... ဂတ်စ်ကုန်သွားပြီ ထင်တယ်"

သောလျှံ့ခ ပြောပြောဆိုဆို မီးခြစ်ကို ခါချမိသည် ။ မီးခြစ်ကိုခါနေရင်း သူ့မျက်လုံး အကြည့်တွေက သူ့ကားနဲ့ မလှမ်းမကမ်း အရှေ့နားမှာ

ရပ်နေတဲ့ သူတစ်ယောက်ဆီ ရောက်သွားသည် ။ ... ဒီအတိုင်း ရပ်နေရင် သူဆက်ကြည့်နေမှာ မဟုတ် ... ထိုသူက ငိုနေခြင်းကြောင့်သာ သူ့အကြည့်တွေက စပ်စုချင်မိသွားသည် ။

ထိုသူက မိန်းကလေးလား ယောကျ်ားလေးလား သူမဝေခွဲတတ်။ ဆံပင် အနေအထား အရဆို ယောကျ်ားလေး ဖြစ်ဖို့ များ သည် ။ သို့ပေမဲ့ အခုခေတ် မိန်းကလေးတွေ အတော်များများ လည်း ယောကျ်ားဆန်တဲ့ ဆံပင်ပုံစံတွေနဲ့ လန်းနေကြတာမလား။ ထိုသူ အသားရေက နှင်းလိုပဲ ဖြူဖွေးနေသည် ။ ကြည်လင်နေတာပဲ ... သူ့ညီမအသားဖြူတယ် ဆိုတာ ထိုသူလောက်တော့ မီမယ်မထင်။ ဆံပင်အရောင်လေးက ကော်ဖီရောင်ဖျော့ဖျော့လေး ... ဘာလဲ ... foreigner လား။ သေချာပါတယ် ... ဒါဆို ကောင်မလေး တစ်ယောက်ပဲ ဖြစ်မယ်။ foreigner အများ စုက ဒီလိုပုံစံလေးတွေလေ။

သောလျှံခ မီးခြစ်ကို ကားပေါ်ချထားခဲ့ပြီး ကားပေါ်က ဆင်းလိုက်သည် ။ ဒီ foreigner နားကို မယောင်မလည် သွားကြည့်ဦးပေမည်။ တစ်ခုခု ဖြစ်နေလည်း ကူညီပေးလို့ ရတာပေ့ါ။

ဒီလိုနဲ့ ထိုသူနဲ့ သောလျှံခတို့ ကြား ခြေလှမ်းငါးလှမ်းစာ လောက်သာ ကွာဟတော့သည် ။ ထိုသူ သောလျှံခအနား အဲဒီလောက် ကပ်လာတာတောင် သတိထားမိပုံမပေါ် ... သူ့ပါးပေါ်ကို မျက်ရည်တွေက စီးကျပြီး ရင်းသာ စီးကျနေတာကို သောလျှံခ သတိထားမိသည် ။

"Arr ... hello"

သောလျှံခ စကားသံ အစပြုလိုက်မှ ထိုသူလန့်သွားပြီး မျက်လုံးအဝိုင်းသားလေးနဲ့ လှည့်ကြည့်သည် ။ သောလျှံခ သိလိုက်တာကတော့ ထိုသူက ကောင်လေး တစ်ယောက်ပင် ... အံ့ဩလွန်းလို့ တစ်ဖက်သူကို

အားမနာနိုင်အောင် စေ့စေ့စပ်စပ် ကြည့်နေမိသည် ။ အသားက ဖြူလွန်းလို့ ထင်ပါရဲ့ … မျက်နှာပေါ်မှာ freckles အစက်လေးတွေ … သို့သော် ကြည့်ကောင်းသည် ။ မျက်လုံးလေးတွေက အရမ်းငိုထားမှန်း သိသာအောင် ရဲတွတ်နေသည် ။ သို့ပေမဲ့ အညိုရောင် ဖျော့ဖျော့ဖက်ကျတဲ့ မျက်လုံးအရောင်ကတော့ တောက်ပနေသည် ။ မျက်ရည်စတွေကြောင့် စိုစွတ်နေတဲ့ မျက်တောင် ရှည်ရှည်လေးတွေနဲ့ နီတွတ်နေတဲ့ နှုတ်ခမ်းတွေက ဟနေပြီး သောလျှံခကို ကြောင်ကြည့်နေမိသောသူ …။

"Can i help you …"

သောလျှံခက စကားထပ်ဆိုလာတော့ ထိုကောင်လေးက သူ့မျက်နှာပေါ်က မျက်ရည်တွေ အားလုံးကို သိမ်းကျုံး သုတ်ပစ်လိုက်ပြီး အပြုံးတစ်ခုရအောင် ပြုံးပြသည် ။ ဒီတခါလည်း သောလျှံခတို့ ငေးနေရပြန်ပြီ ။

"ကျွန်တော် … ကျွန်တော်က foreigner မဟုတ်ပါဘူး အစ်ကို"

သောလျှံခ သတိထားမိတာက ထိုကောင်လေးရဲ့ ချိုသာလွန်းတဲ့ အသံ … ထိုသူက မြန်မာလူမျိုးဆိုတာ နည်းနည်း ယုံချင်စရာကိုမရှိ … ကပြားတစ်ယောက်လားလို့ ထပ်တွေးနေသေးသည် ။ ဒါပေမဲ့ ထိုကောင်လေးက သူ့ကို ဂရုတစိုက်နဲ့ အရေးတယူ ကြည့်နေသေးသည် မို့ ဆက်စဉ်းစား မနေတော့ဘဲ …

"ဟဟ … sorry ပါနော် … အစ်ကို တကယ် foreigner လို့ အထင်မှားသွားတာ … တကယ်တော့ ဟို … ဟို … ငိုနေတာတွေ့လို့ အဆင်ပြေရဲ့လား လာမေးတာပါ"

ထိုကောင်လေးက အပြုံးတွေ မပျက်သွားသေးပဲ သောလျှံခကို ကြည့်နေသည် ။ အခုမှ သောလျှံခ သတိထားမိတာက ထိုကောင်လေး

တစ်ကိုယ်လုံး ဆင်မြန်းထားသည် မှာ အကုန် အနက်ရောင်တွေချည်း ... အနက်ရောင် ရှပ်လည်ကတုံးကိုမှ လက်တွေ ခေါက်မတင်ဘဲ သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည် ။ အောက်ကလည်း style pants အနက်ရောင်ပင် ... ဖိနပ်ကအစ မသိမသာ ကြည့်မိတော့ အနက်ရောင်တွေချည်း။

"ကျွန်တော်ငိုနေတာတော့ တကယ်ပဲ ... ဘယ်သူမှ သတိမထားမိဘူးဆိုပြီး ငိုနေတာ ကြာနေပြီ ... အစ်ကိုက သတိထားမိ သွားတယ်"

"အာ ... အစ်ကိုလည်း ဘာရယ်မဟုတ် တွေ့သွားလို့ ပါ ... sorry ပါနော် အနှောင့်ယှက် ဖြစ်သွားရင်"

"ရပါတယ် အစ်ကို ... အစ်ကိုက စိတ်ပူလို့ လာမေးတာပဲ ကျေးဇူးတင်ပါတယ်"

ထိုကောင်လေးက ကျေးဇူးတင်ကြောင်း ခေါင်းလေးကို တစ်ချက်ငြိမ့်ညွတ်တဲ့ ပုံစံလေး လုပ်ပြတော့ သောလျှံခ ဘာပြန် လုပ်ရမှန်းမသိ။ ခေါင်းလေးပဲ ကုတ်နေရင်း ပြုံးပြနေမိသည် ။ ကိုယ်ကသာ ပြုံးပြနေတာကို့အရှေ့မှာ ရှိနေတဲ့ ထိုကောင်လေး အပြုံးကို လိုက်မိမယ် မထင် ... အငိုမျက်လုံးကြားတွေထဲက အားယူပြီး ပြုံးပြနေတာ သိသာပေမဲ့ အဲဒီအပြုံးကပင် အတော်ကို ကြည့်ကောင်း နေတော့သည် ။

"အာ ... မဟုတ်တာ ... စပ်စုသလို သဘော မဟုတ်ပေမဲ့ ဝမ်းနည်းရမဲ့ ကိစ္စတစ်ခု ရှိလာခဲ့တာလား ညီလေး"

"ကျွန်တော့်သူငယ်ချင်း စျာပနကို ဒီနေ့ လိုက်ပို့ခဲ့ရတယ်လေ"

အရမ်းရင်းနှီးတယ် ထင်ပါရဲ့ လို့ သောလျှံခ တွေးမိသည် ။

"အစ်ကိုတော့ တကယ် အားနာစရာတွေ တစ်ခုပြီး တစ်ခု မေးနေမိပြန်ပြီ ... နောက်တစ်ခါ ထပ်ပြီး sorry ပါကွာ"

သောလျှံခရဲ့ အားနာတဲ့ မျက်နှာထားကို မြင်တော့ ထိုကောင်လေး အပြုံးက အရင်က ဝမ်းနည်းနေတဲ့ အပြုံးထက် ပိုကြည်လင်လာသည် ။ ပြီးတော့ ရုတ်တရက် လက်ကမ်းပေးကာ ...

"ကျွန်တော့်နာမည် ဂျူနိုလို့ ခေါ်ပါတယ် အစ်ကို ... နောက်ထပ် တွေ့ဖြစ်ကြခဲ့တဲ့ အခါ နှုတ်ဆက်ပါ"

သောလျှံခ ကမ်းပေးတဲ့ လက်လေးကို ပြန်ဆွဲကိုင်ရင်း ...

"အစ်ကိုက သောလျှံခပါ"

လက်လေးတွေကလည်း သောလျှံခလက်ထဲ အရည်ပျော် သွားပြီလားတောင် နူးညံ့လွန်းနေသည် ။ တစ်သက်နဲ့ တစ်ကိုယ် ဒီလိုယောကျ်ားလေးမျိုးကို မတွေ့ဖူးသေး ... foreigner တချို့နဲ့ ရင်းနှီးသည်ဆိုသော်လည်း ထိုကောင်လေးလိုမျိုး ပုံစံကို တစ်ခါမှ မမြင်ဖူးရသေး ... အထူးအဆန်းကြီး တစ်ခုလို ဖြစ်ကာ ငေးကြည့်နေစဉ်မှာ ပဲ ထိုဂျူနိုဆိုတဲ့ ကောင်လေးကတော့ လက်ကိုဖြုတ်၍ လှည့်ထွက်သွားခဲ့လေပြီ။

သူကမ်းပေးတဲ့ လက်ကို ပြန်လည် ဆွဲကိုင်နေမိသော မိမိလက်တစ်ဖက်သာ လေထဲတန်းလန်း ကျန်ခဲ့ရင်း ကျောပေးထွက်သွားတဲ့ ထိုကောင်လေးကို မျက်စိတစ်ဆုံး ကြည့်လိုက်မိသည် ။

ဤသည် ကို တွေ့ဆုံခြင်း အစလို့ သတ်မှတ်ကြမလား။

***

## Chapter-2

သံရိုက်နှိုက်သံများ နှင့် ဆူညံနေသည့် ဆိုင်ငယ်လေး တစ်ဆိုင် … ထိုဆိုင်လေး အရှေ့ဘက်တွင် တော့ WOODY ဆိုသည့် သစ်သားဆိုင်းဘုတ်လေးအား ချိတ်ဆွဲထားသည် ။ ဆိုင်လေးက အရမ်းလည်း မသေးသလို အရမ်းလည်း မကြီး … မြို့ထဲတစ်နေရာ ချောင်ကျသည့် နေရာလေးတွင် ထိုဆိုင်လေး တည်ရှိသည် ။

ဆိုင်ထဲတွင် သစ်သားနှင့် ဖန်တီးထားသည့် လက်မှုအနုပညာများ ရှိသည် ။ သစ်သားတိုင်ကပ်နာရီ၊ ကုလားထိုင်၊ စားပွဲခုံစသဖြင့် စီစီရီရီ ခင်းကျင်း ပြသထားသည့် ထိုဆိုင်ကလေး … ခမ်းခမ်းနားနား ပြင်ဆင်ထားတာ မဟုတ်ပေမဲ့ ထိုဆိုင်ကလေးထဲ ဝင်သွားလျှင်တော့ သစ်သားရနံ့လေးများ သင်းပျံ့နေပြီး စိတ်ဝင်စားဖွယ် ကောင်းပေလိမ့်မည်။

ထိုဆိုင်ပိုင်ရှင်ကတော့ ဆိုင်ရဲ့ အနောက်ဘက် ကျတဲ့ နေရာမှာ ပြီးလတ်စ သစ်သားခုံ အသေးစားလေးအား သံချောင်းများ ဖြင့် ထုရိုက်နှက်ကာ အချောသတ်နေ၏။ ထိုသူမှာ တော့ ချွေးတရွှဲရွှဲဖြင့် တူကိုင်သည့်လက်နှင့် သူ့နဖူးကို သူပြန်သုပ်နေသော သောလျှံခပင် ဖြစ်သည် ။

ဒီနေ့ဖောက်သည် က သူ့ကလေး ထိုင်ဖို့ အတွက် သစ်သားခုံလေးမှာ ထားကို လာယူမည် ဖြစ်သည် ။ မနေ့က အပြီးသတ်ဖို့ စဉ်းစားထားသော်လည်း အိမ်က ညီမတော် အတင်း လိုက်ကပ်ပူဆာသမျှ လုပ်ပေး

နေရတာနဲ့ တင် ဆိုင်ဘက်ကို ခြေဦးမလှည့်ဖြစ်၍ အပြီးမသတ် လိုက်ရခြင်းပင်။

သူဒီဆိုင်လေး ဖွင့်ထားရခြင်း ရည်ရွယ်ချက်က ရှင်းသည် ။ သူက လက်မှုပညာကို ငယ်စဉ်ကတည်းက ဝါသနာပါသူ ဖြစ်သည့် အတွက်ကြောင့် အိမ်ကသူများ နှင့် အတိုက်ခံ ဖြစ်ပြီးကို ဝါသနာပါရာ လုပ်နေခြင်း ဖြစ်သည် ။ သောလျှံခ ဆိုသူသည် အနေရိုးရိုးဖြင့် ဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းသည် ။ သူ့အဖေဖြစ်သူ ပိုင်ဆိုင်သည့် Hotel အကြီးစား လုပ်ငန်း ရှိသော်လည်း ဝင်ရောက် လုပ်ကိုင်ခြင်းမရှိ။ သို့ပေမဲ့ ဦးစီးလုပ်ဆောင်နိုင်သည့် အရည်ချင်း အပြည့်ရှိသည့် အပြင် နိုင်ငံခြားတွင်လည်း လေးနှစ်နေထိုင်ပြီး ပညာသင်ကြားလာသူ ဖြစ်သည် ။

WOODY ဆိုင်လေးကနေ အမြတ်ဝင်ငွေ သိပ်မရသော်လည်း သူကျေနပ်သည် ။ ထိုဆိုင်အပြင် အိမ်ကသူများ မသိအောင် သူငယ်ချင်းဆီကနေ ပိုက်ဆံချေး၍ ဖွင့်ထားသည့် ကော်ဖီဆိုင်လေး တစ်ဆိုင် ရှိသေးသည် ။ ထိုကော်ဖီဆိုင်လေးမှ ရောင်းအား မှန်သမျှ၏ တစ်ဝက်သည် 'နေရောင်ခြည်' ဖောင်ဒေးရှင်းအဖွဲ့ဆီသို့ ရောက်သည် ။ ထိုဖောင်ဒေးရှင်းလေးက ပရဟိတ လုပ်ငန်းမှန်သမျှ အားတက်သရော လုပ်ဆောင်ပေးနေသည့် သောလျှံခ ဦးဆောင် ဖွဲ့စည်းထားသည့် အဖွဲ့ဖြစ်သည် ။ သို့သော် သူဦးဆောင်နေသည် ကို မည်သူမျှမသိ … တမင်မသိအောင်လည်းနေသည် ။

ထိုသို့ ထိုသို့အရာများကို လုပ်ဆောင်နေပြီး သူနှစ်သက်ရာ ဘဝတွင်သာ ရွေးချယ်နေထိုင်သည့် အသက် ၂၅ နှစ်အရွယ် သောလျှံခသည် သူ့ဘဝတွင် မိသားစုကလွဲ၍ တစ်ယောက်တည်း အနေများ ခဲ့သည် ။ အထက်တန်း ကျောင်းသားဘဝ၊ တက္ကသိုလ် ကျောင်းသားဘဝ၊ နိုင်ငံခြားတွင်

ကျောင်းတက်ခွင့် ရခဲ့သည့်တိုင် မိန်းကလေးများ ကြားတွင် နာမည်ကြီး ခဲ့သော်လည်း တစ်စုံတစ်ယောက်ကိုမှ စိတ်ဝင်စားခြင်း မရှိခဲ့ပေ။ သို့သော် သူသည် ဖော်ရွေသည် ။ ကြင်နာသည် ။ သနားတက်သည် ။ ထို အချက်များကြောင့်ပင် လူချစ်လူခင်လည်း ပေါသည် ။ ကြွေသည့် မိန်း ကလေးလည်း များ သည် ။

သို့ရာတွင် သူ့ဘဝတစ်လျှောက်လုံးမှ ယခုအချိန်ထိ ပတ်သက်ခဲ့ဖူးသ ည့် မိန်းမတစ်ယောက်သာ ရှိသည် ။ ထိုမိန်းမကိုလည်း သူ့စိတ်ထဲ တက ယ်ချစ်နေလား မချစ်လား သေချာမသိ ... သိအောင်လည်း မကြိုးစားဖူး သလို သိလည်း မသိချင်။ ရေလိုက်ငါးလိုက်သာ နေခဲ့သည် ။ ယခုအချိန် ထိပင် ...။

"ဟား ... နောက်ဆုံးတော့ ပြီးခဲ့ပြီ"

သောလျှံခ အပြီးသတ်ပြီး သွားသော ခုံလေးကို ဝမ်းသာအားရ ကြည့်ရင်း တစ်ယောက်တည်း ကျေနပ်အားရ နေသည် ။ နောက်ဆုံး တော့ ဒီခုံလေးကို ဖုန်တွေခါချပြီးရင် အားလုံးပြီးပြီ ဖြစ်သည် ။ သောလျှံ ခ လက်ရာများ သည် အခြားသူများ နဲ့ မတူ ထူးခြားမှု ရှိသည် ။ ထောင့် ချိုး ချိုးပုံချိုးနည်းနဲ့ အနုစိတ် သေချာအောင် ဖန်တီးတက်မှုသည် ဝယ် ယူသူများ အဖို့ မျက်စိကျစရာနဲ့ စိတ်ဝင်စားစရာ တစ်ရပ် ဖြစ်နေသည် ။

Ph Ringing ... .

သောလျှံခ ph ringtone အသံကြားတော့မှ ph ဘယ်နားထားမိမှန်း မသိဘဲ လိုက်ရှာမိသည် ။ မျက်လုံးကစားကာ ဝေ့ဝိုက်ရှာကြည့်ရင်း နော က်ဆုံးတော့ ရေပေါ်ထိုးသည့် ခုံပေါ်လေးမှာ တင်ထားသည့် သူ့phကို တွေ့လိုက်သည် ။ သောလျှံခ ph ရှိတဲ့ နေရာဆီ လျှောက်သွားပြီး contac t ကိုကြည့်လိုက်တော့ သူ့အချစ်တော် ညီမလေး ... .

"အေး ... ပြော"

"အားလား ... ကိုကိုကလည်း ဘယ်လိုတောင် ဆောင့်ကြီးအောင့်ကြီး နဲ့ ပြောရတာတုန်း"

သောလျှံခ တမင်ပြောလိုက်သည် မို့ ပြုံးမိလိုက်ပြီး သူ့ညီမရဲ့ ချွဲတဲတဲ အသံသေးသေးလေးကို ဆက်နားထောင် နေလိုက်သည် ။

"ကိုကို ဘယ်မှာ လဲ"

"ဘယ်မှာ ရှိရမှာ လဲ ... ဆိုင်မှာ လေ"

"ဟာ ... ဒါဆိုအတော်ပဲ ... ညီမလေးကို ကန်တော်ကြီးမှာ လာကြို ပေး"

"ကားမယူလာဖူးလား"

"အွန်း ... သူငယ်ချင်း လာခေါ်တာ ... ပြန်ရင်တော့ အဆင်ပြေသလို ပြန်မယ်ဆိုပြီး ကိုကို့ကို စဉ်းစားမိလို့ ... လာကြိုမယ်မလား"

"အခုလောလောဆယ်ဆို မရသေးဘူး ... ဆိုင်ကိုလာမဲ့ ဝယ်သူရှိနေ လို့ "

"ဒါဆိုလည်း ကိုကိုလာတဲ့ အထိ စောင့်ပေးမယ် ... သူငယ်ချင်းတွေနဲ့ မုန့်စားရင်း ... ပြီးရင် မိတ်ဆက်ပေးမယ်လေ"

"ဘာဆိုင်လို့ မိတ်ဆက်တာက ပါလာတာတုန်း"

"ဟီး ... ကိုကိုကလည်း "

"ကဲ ... နောက်မနေနက် ... ကိုကိုလာရင် ph ဆက်မယ်"

"Okပါ ... ဒါဆိုဒါပဲနော် ... ဆာရန်းဟယ်ယို အိုပါး"

သောလျှံခ ph ကို အမြန်ချလိုက်သည် ။ ကိုရီးယားအရူးမ ညီမလေးမို့ ချစ်စရာကောင်းတဲ့ အမူအရာနဲ့ လေသံတွေက အပြည့် ... သူများကို မချစ်ချစ်အောင် လုပ်နိုင်သလို မသနား နားအောင်လည်း လုပ်နိုင်သည် ။ တစ်ခါတလေ နေရာတကာ အရာပါလွန်းလို့ အမြင်ကပ်သည် ဆိုသော်လည်း ကြာကြာတော့ အမြင်မကပ်နိုင်ပါ။

သြော် ... ကန်တော်ကြီးဆိုတဲ့ စကားလုံး ကြားလိုက်တော့ တစ်စုံတစ်ယောက်ကို သတိရမိပါဟန်ရှိ၏။ မနေ့က တွေ့ခဲ့တဲ့ ကောင်လေးဂျူနို ... ဒီနေ့တော့ ထပ်တွေ့နိုင်ခြေ မရှိဘူး ဆိုပေမဲ့ ထပ်တော့ တွေ့ရင် ကောင်းသားလို့ ဘာရယ်မဟုတ် တွေးမိသည် ။ ထိုကောင်လေးကို တွေ့မိချင်သည် ဆိုတဲ့ အကြောင်းပြချက်က ဘာမှ မရှိ။ ဒီအတိုင်းလေး ထပ်တွေ့ဆုံချင်မိတာ ဖြစ်သည် ။ ခံစားချက်တွေက တစ်မျိုးပင် ... ။

***

ညီမတော်မြတ်လေးက ပြောတော့ ကန်တော်ကြီးဆိုပြီး ကျွန်တော်က ရောက်သွားလို့ ph ဆက်တော့ မြေနီကုန်း ရောက်သွားပြီတဲ့ ။ အာ ... ဒီမသာမလေးလို့ အသားကုန် ကျိန်ဆဲမိလိုက်သည် ။ စိတ်က တကယ်တိုတယ်။ လူကအိမ်ပြန်ပြီး နားချင်ပေမဲ့ ဒီကောင်မစုတ်ကြောင့် လာကြိုပေးရတာမလား။ ဒါကို နေရာပြောင်းသွားလည်း ph ဆက်ပါလား ... တချိန်လုံး ကိုရီးယားက ကောင်တွေအကြောင်းပဲ တွေး ... သူတို့အကြောင်းပဲ ပြောနေပြီး ခေါင်းက အလုပ်မလုပ်တော့တာလား။

သောလျှံခ ကားကို အသားကုန် ပြန်ပတ်မောင်းပြီး ထွက်ပေါက်ဆီ

သို့ ဦးတည်နေစဉ် မနေ့ကနေရာကို ဖြတ်မိတော့ ခေါင်းက အသိပေးစရာမလို သူ့ဘာသာ လှည့်သွားသလိုလိုဟန်ဖြင့် … .

ဟင် … ဂျူနို …

သောလျှံခ ရင်ထဲလှိုက်ခနဲ ဖြစ်သွားပြီး စိတ်ထဲ အကြိမ်ကြိမ် ရွတ်ဆိုနေမိသော နာမည်က ဂျူနို … .

သောလျှံခ ကားကို ဘေးချရပ်လိုက်ပြီး ထိုကောင်လေးကို ကြည့်မိသည် ။ ဒီနေ့လည်း တစ်ယောက်တည်း မတ်တတ်ရပ်နေကာ ရေပြင်ကြီးကို ကြည့်နေဟန် တူသည် ။ ဒါမှ မဟုတ် တွေးနေဟန် ပေါက်သည် ။ ဒီနေ့တော့ သူက အသားရောင် စပို့ရှပ်အကျီလေးနဲ့ ဘောင်းဘီအညိုရင့်ရောင် ဒူးအောက် အတိုလေး ဝတ်ထားသည် ။ နေရောင်ကလည်း သူ့အပေါ်ကို ကျနေသည် မို့ သူ့ကိုယ်ကနေ အလင်းထွက်နေသလား လို့တောင် ထင်နေရသည် ။

သောလျှံခမျက်နှာပေါ်မှာ ပြုံးလာတဲ့ အပြုံးကို သူ့ကိုယ်သူတောင် သတိမထားမိခဲ့ … သတိမထားမိတဲ့ အချိန်မှာ ပဲ သူကိုယ်တိုင်က ကားအပြင်ဘက်တောင် ရောက်နေပြီး ဂျူနိုဆီကို လာဖို့ ခြေလှမ်း လှမ်းနေပြီ ဖြစ်သည် ။

ဂျူနိုက သူ့နားကို တဖြည်းဖြည်း ကပ်လာတဲ့ ခြေသံတွေကို ကြားဟန်တူသည် ။ အနောက်ကို ဆတ်ခနဲ လှည့်ကြည့်တော့ မျက်လုံးလေးတွေက အဝိုင်းသားနဲ့ အံ့သြသွားဟန် …

"Hello … ဂျူနိုလေး"

သောလျှံခ ဝမ်းသာအားရတွေ နှုတ်ဆက်ပြီးတော့မှ သူဘယ်လို ခေါ်လိုက်လဲ သတိထားမိဟန်ဖြင့် ခေါင်းကုပ်မိလိုက်သည် ။ ဂျူနိုကတော့

သောလျှံခကို ခေါင်းလေးငုံ့ပြီး နှုတ်ဆက်ဟန်ပြု၏။ သောလျှံခ သူနဲ့ နီး လာပြီး မျက်နှာချင်းဆိုင် လာရပ်တော့မှ ...

"မနေ့ကတွေ့ခဲ့တဲ့ အစ်ကိုပဲ"

"ပြန်တွေ့ရမယ် မထင်ထားဘူး ... အစ်ကိုကားပေါ်က လှမ်းမြင်မိလို က်လို့ ပါ"

တကယ်လည်း လုံးဝတွေ့နိုင်မယ် မထင်ထားခဲ့မိတာကနေ တွေ့မိ လိုက်တော့ သောလျှံခစိတ်ထဲ ပြောမပြတက်အောင် ကြည်နူးနေမိသလို ပင်။ အရှေ့က ဂျူနိုကတော့ သူ့ကိုကြည့်နေတဲ့ အကြည့်တွေမှာ နည်း နည်းမဝံ့မရဲ ဖြစ်နေသလို ဖြစ်နေတယ်လို့ ခံစားမိသည် ။ ဘာကြောင့်ပါ လိမ့်။

"အစ်ကို ဒီဘက်မှာ ကိစ္စရှိလို့ လားဟင်"

"အာ ... ကိစ္စတော့ကိစ္စပဲ ... အစ်ကို့ညီမလေးလေ လာကြိုဆိုလို့ ရော က်ချလာတာ ... အခုတော့ သူကတခြားနေရာ ထွက်သွားလေရဲ့ "

"ဪ ... ဟုတ်"

ဂျူနိုခနတော့ တိတ်ဆိတ်သွားသည် ။ ပြီးမှ သော လျှံခကို အားနာသ လို အကြည့်တွေနဲ့ ကြည့်ရင်း ပြုံးလိုက်ကာ ...

"အစ်ကို ... အားနာပေမဲ့ ကျွန်တော် အစ်ကို့နာမည်ကို မေ့သွားလို့ ... အဲဒါ ..."

ဪ ... ဒီကောင်လေး ဒါကိုမေးမလို့ အရှိန်ယူနေတာလား။

သောလျှံခ စိတ်ထဲ တွေးမိသွားရင်း သူ့အရှေ့က ဂျူနိုဆိုတဲ့ လူသား လေးကို ပြုံးပြကာ ...

"သော ... လျှံ ... ခ၊ သောလျှံခ"

သောလျှံခက တစ်လုံးချင်းစီ ပြောပြလိုက်တော့မှ ...

"သောလျှံခ ... သောလျှံခ"

ခေါင်းလေး တညိတ်ညိတ်နှင့် သောလျှံခ နာမည်ကို ကလေးသဖွယ် အနောက်က လိုက်ဆိုနေတဲ့ ပုံလေးက မေ့သွားမှာ စိုးလို့ အတင်းကာ ရော နှုတ်တိုက်ကျက်နေတဲ့ ကလေးတစ်ယောက်လို ... ဘယ်လိုလေး မှန်းလဲ မသိဖူး။

"ညီလေးကရော ဒီဖက်ကို လမ်းလျှောက် ထွက်လာတာလား"

သောလျှံခတစ်ယောက် ဂျူနိုအခြေနေကို အကဲခတ်လိုက်ဟန်နဲ့ တွေးထားတဲ့ မေးခွန်းကို တန်းမေးမိလိုက်သည် ။

"အင်း ... ညနေစောင်းဘက်တွေ ဆိုရင် ဒီနားတစ်ဝိုက်မှာ လမ်းလျှောက်ရတာ သဘောကျလို့ ... ပြီးတော့ ရေတွေကို ကြည့်ရတာ သဘောကျတယ်"

သူပြောမှ ကိုယ်ကရေပြင်ကို လှမ်းကြည့်မိသည် ။ ပြီးတော့ နောက်ထပ် စိတ်ဝင်စားတာက သူညနေဘက်တွေကို ဒီမှာ လမ်းလျှောက် ထွက်တတ်တယ်တဲ့ လား။

"ဒါဆို ညနေတိုင်း ဒီကို လာနေကြပေါ့နော်"

ဂျူနိုက သောလျှံခ အမေးကို ခေါင်းလေးညိတ်ပြီး တုံ့ပြန်သည် ။ သောလျှံခ မျက်နှာပေါ်မှာ အပြုံးက ပျောက်ကွယ် မသွားပါ။ သူ့ပါးစပ် လည်း သူ ပြန်စိဖို့ နည်းနည်းလေးမှ သတိမထားမိ ...။

"အစ်ကိုက သဘောကောင်းမဲ့ ပုံပဲနော်"

"ဘာလို့ လဲ"

"အစ်ကိုက စကားပြောရင် အပြုံးလေးနဲ့ ပြောတယ်။ ပြီးတော့ မနေ့က ကျွန်တော် ငိုနေတာတွေ့တော့ သိသိမသိသိ လာစကားပြောပေးတယ်"

သူအဲဒီလို ပြောတော့မှ ပဲ ကိုယ့်မျက်နှာက ပိုပြီး ပြုံးရာကနေ သွား ၃၂ ချောင်းလုံး ပေါ်လာသည် အထိ ဖြစ်လာတော့သည် ။

"ဟဟ ... အစ်ကိုက သဘောကောင်းတာတော့ မဟုတ်ပါဘူး ... ဒါ အစ်ကို့အကျင့်လို ဖြစ်နေလို့ ပါ"

"ဒါဆိုအဲဒီလို အကျင့်လေးကိုတော့ ကျွန်တော်အတု ယူမှ ပါ ... ကျွန်တော်ကအမြဲ မှုန်တေတေနဲ့ နေတက်လွန်းတော့ လူတိုင်းက ပျင်းစရာကောင်းတယ်လို့ သတ်မှတ်ခံရတဲ့ အထဲ ပါတယ်"

ဂျူနိုက ခေါင်းလေးငုံ့ပြီး မျက်နှာလွှဲသွားကာ ရေပြင်ဘက်ကို လှမ်းကြည့်ရင်းဆို၏။

ဒီလိုဆိုတော့လည်း ဂျူနိုလေးမျက်နှာက မကောင်းတော့တာ သတိထားမိသည် ။ ဒီကလေးကို ကြည့်ရင် သူ့ညီမလေးအသက်နဲ့ အတူတူကျလောက်သည် ။ အသက်စပ်စုပြီး မေးကြည့်မယ်လို့ တွေးပြီး ...

"ဂျူနို အသက်က ..."

"မ ... မှတ် ... မိ ... ဖူး"

ဟင် ...

သောလျှံခ ကြက်သီးများ ပင် ထသွား၏။ ဘာလို့ တစ်လုံးချင်းစီကို သေချာ ပြန်ဖြေနေလည်း သောလျှံခ စဉ်းစား၍ မရ။ သို့ပေမဲ့ ထိုအသံထဲ

မှာ ဝမ်းနည်းတဲ့ အသံလေးက ရောယှက်နေသည် ကို ခံစားမိ၏။

ဂျူနိုက မျက်နှာငယ်လေးနှင့်ပင် သောလျှံခကို ပြန်မော့ကြည့်လေသည် ။ ဂျူနိုက သောလျှံခနှင့် ယှဉ်လျှင် အနည်းငယ် နိမ့်နေသော အရပ်ကြောင့် မျက်လုံးချင်း ဆုံကြည့်ဖို့ ရာ မော့ကြည့်မှ သာ ဖြစ်နိုင်မည်လေ။

သောလျှံခ ဒီကောင်လေး မျက်နှာအခြေနေက အစောပိုင်းကလို မရွှင်တော့တာကို သတိထားမိသည် ။ သူများ စကားပြော မှားသွားလားထင်ရလောက်အောင်အထိ စဉ်းစားရတောင် ကျပ်သွားသည် ။

"ဂျူနို"

သောလျှံခ နာမည်ကို သေချာ ပြန်ခေါ်တော့မှ ဒီကောင်လေးက သတိပြန်ကပ်လာတဲ့ ပုံစံလေး ဖြစ် လာပြီး သောလျှံခကို ရုတ်တရက်ကြီး လက်ကမ်းပေးပြန်သည် ။

သူလက်ဆွဲ နှုတ်ဆက်ချင်တာလား။ ဒါပေမဲ့ ဘာလို့ လဲ။

သောလျှံခ အတော်ကို တွေးရတာ ခက်ခဲလာသည် ။ ဘာပဲဖြစ်ဖြစ်တော့ ဂျူနိုကမ်းပေးလာတဲ့ လက်လေးတစ်ဖက်ကို သေချာ ပြန်ဆုပ်ကိုင်ပေးလိုက်ပါသည် လေ။

"ကျွန်တော် ပြန်တော့မယ်နော် အစ်ကို ... နောက်ထပ် တွေ့ဖြစ်ကြခဲ့တဲ့ အခါ နှုတ်ဆက်ပါ သောလျှံခ"

ထိုသို့ပြောပြီး သောလျှံခကို ကျောခိုင်းကာ လှည့်ထွက်သွားသူဂျူနို ... သောလျှံခ မနေ့ကလိုပဲ လက်တန်းလန်းနဲ့ ကျန်နေခဲ့ပြီး ကျောပြင်ဘက်ကို ငေးရင်း ကျန်ခဲ့ရပြန်ပြီ။ မနေ့ကလိုပဲ သူနှုတ်ဆက် သွားသည် ။ ဒီနေ့တော့ နာမည်လေးပါ တပ်ခေါ်သွားသေးသည် ။

သောလျှံခ ငေးကြည့်ရင်း နောက်ထပ် စိတ်ဝင်စားစရာ တစ်ချက်က

ဂျူနို ရှေ့ကို ကားတစ်စီး ဆိုက်ရောက်လာခဲ့ခြင်း ဖြစ်သည် ။ သူနဲ့ မနီးမဝေး တစ်နေရာကို ရောက်တော့ ဂျူနိုဆိုတဲ့ ထိုကောင်လေး အရှေ့ကို အချိန်ကိုက်ထားသလို BMW GT အဖြူရောင် ကားလေးတစ်စီးက လှစ်ခနဲ ရောက်လာသည် ။ ထိုကားလေးက ထိုကောင်လေးရှေ့ ရောက်သည်နှင့် ကောင်လေးက ချက်ချင်းပင် ကားခေါင်းခန်းမှာ ဝင်ထိုင်လိုက်သည် ။ သောလျှံခ နာရီကို ဆတ်ခနဲ ဖမ်းကြည့်မိတော့ ၅ နာရီ ၁၀ မိနစ်ရှိနေပြီ ဖြစ်သည် ။

သောလျှံခ အတွေးတို့ ရပ်တန့်သွားအောင်လို့ ဘောင်းဘီအိတ်ကပ်ထဲမှ ph vibrate က တဂျိဂျိ မြည်လာ၏။ သေချာတာကတော့ သူ့ညီမပဲဖြစ်လိမ့်မည်။ ဒီတစ်ခါ ကိုယ်က ကြာနေမိသည် လေ။

ခြေလှမ်းတွေက သူ့ကားစီကို ခပ်သွက်သွက် ပြန်လှမ်းနေမိရင်း ...

***